ပုံစံ(၁၀)

# ခုံသမာဓိကောင်စီ
## ခုံအဖွဲ့၏ဆုံးဖြတ်ချက်
## { နည်းဥပဒေ ၂၃(စ) }
## ခုံအဖွဲ့
## ၂၀၁၈ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၂၂/၂၀၁၈)

ဦးအိုက်မွန်း (MD)
Mr. Yang Chih Chiang ( Manager)
(အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်း
ခံရသူ)၊ New Comfort Industry Co.,Ltd. ၊
(ဖိနပ်စက်ရုံ)၊ အမှတ် (၅၈)၊ မင်းကြီးမဟာ
မင်းခေါင်လမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ — လျှောက်ထားသူ

နှင့်

ဦးဇော်မင်းထွေးပါ (၂၅)ဦး
အမှတ် (၅၈)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊
ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ — လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ အမှတ် (၅၈)ရှိ New Comfort Industry Co.,Ltd. အလုပ်ရှင် ဦးအိုက်မွန်း (MD)၊ Mr. Yang Chih Chiang (Manager) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ) နှင့် ဦးဇော်မင်းထွေးပါ (၂၅)ဦးတို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၁၇/၂၀၁၈) အရ ကြားနာစစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ အလုပ်သမား ဦးဇော်မင်းထွေးပါ(၂၅)ဦးမှ တောင်းဆိုခြင်းခံရသူ New Comfort Industry Co.,Ltd. အလုပ်ရှင်ထံတွင် စက်ရုံပြောင်းရွှေ့ရာသို့ လိုက်ပါ

လုပ်ကိုင်လိုခြင်းမရှိ၍အလုပ်ထုတ်နစ်နာကြေးပေးရန်တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှု ဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက် ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ အလုပ်ရှင်မှ အောက်ပါကောက်ချက်အမှတ် (၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ပြင်ဆင်မှုလျှောက်ထားခြင်း ဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဦးဇော်မင်းထွေးပါ (၂၅)ဦးသည် နစ်နာကြေးရထိုက်/ မရထိုက်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမား ဦးဇော်မင်းထွေးပါ(၂၅)ဦးအား လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးများ တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၇/၂၀၁၈) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်ဘက်မှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထား လာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၈) ဖြင့် ခုံသမာဓိကောင်စီ၊ အငြင်းပွားမှုအမှတ် (၂၂/၂၀၁၈) အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးလှထွန်းနိုင်၊ အလုပ်သမားကိုယ်စားလှယ် ဦးတင်ထွန်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ် လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဦးဇော်မင်းထွေးပါ (၂၅)ဦးသည် နစ်နာကြေးရထိုက်/ မရထိုက်။

**စစ်ဆေးတွေ့ရှိချက်**

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့ကို ၂၈-၃-၂၀၁၈ ရက်နေ့တွင် တွေ့ဆုံခဲ့ပြီး ၎င်းတို့၏ ထွက်ဆိုချက်များကို မှတ်တမ်းတင်ခဲ့ပါသည်။ အလုပ်ရှင် ကိုယ်စား Mr. Yang Chih Chiang (Manager) နှင့် စကားပြန် ဒေါ်သီသီဟန်တို့က အမှုဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်၊ တိုင်းဒေသကြီး အသီးသီးတို့တွင် ထွက်ဆိုတင်ပြခဲ့သည်များကို

ရှင်းလင်းခဲ့ပါသည်။ ၎င်းတို့အနေဖြင့် အလုပ်သမားများကို အလုပ်မှ ရပ်စဲခဲ့ခြင်းမဟုတ်သည့်အပြင် လှိုင်သာယာမြို့နယ်အတွင်းရှိ New Way ဖိနပ်စက်ရုံသို့ ပြန်လည်ပြောင်းရွှေ့လုပ်ကိုင်ရသည်ကို ၎င်းတို့မှ လိုက်ပါဝင်ရောက်ခြင်းမပြုဘဲ နစ်နာကြေးတောင်းဆိုသည်ဖြစ်ပြီး လုပ်သားတို့၏ အကျိုးစီးပွားထိခိုက်စေရန် အလုပ်ရပ်စဲမှုမဟုတ်၍ နစ်နာကြေးပေးရန် အကြောင်းမရှိပါ ။ မိမိတို့ ယခုရောက်ရှိ လုပ်ကိုင်နေသည့်စက်ရုံသို့ မူလအလုပ်သမား (၆)ဦးခန့်သာ လိုက်ပါလုပ်ကိုင်လျက်ရှိပြီး ယခုတောင်းဆိုသည့် အလုပ်သမားထဲမှ ဦးဇော်မင်းထွေးသည်လည်း မတ်လဦးပိုင်းတွင် ဝင်ရောက်လုပ်ကိုင်လျက် ရှိနေပါသည်။ မိမိတို့၏ လုပ်ငန်းလည်ပတ်နိုင်စေရေးအတွက် ၎င်းအလုပ်သမားများ ပြန်လည်ဝင်ရောက်လာပါကလည်း လက်ခံမည်ဖြစ်ပြီး အခြားသော အလုပ်လက်မဲ့များမှ လာရောက်လျှောက်ထားသည်ကိုလည်း ခန့်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။ မိမိတို့အနေဖြင့် မူလစက်ရုံနေရာသည် ကျဉ်းမြောင်းပြီး ငှားရမ်းချိန် ပြည့်သွားသည့်အတွက် တစ်မြို့နယ်တည်းတွင်ရှိသည့် New Way ဖိနပ်စက်ရုံဝင်းအတွင်း ပြန်လည်ပြောင်းရွှေ့ဆောင်ရွက်ခြင်းသာဖြစ်၍ အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် မရှိသော်လည်း ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်ကို လိုက်နာမည်ဖြစ်ပါကြောင်း ထွက်ဆိုရှင်းလင်းခဲ့ပါသည်။

၇။ အလုပ်သမားများ၏ကိုယ်စား ဦးဇော်မင်းထွေးမှ ထွက်ဆိုရာတွင် မိမိတို့ အလုပ်သမား (၂၅)ဦးသည် မိမိတို့လုပ်ကိုင်လျက်ရှိသည့် New Comfort Industry Co.,Ltd. စက်ရုံမှ New Way ဖိနပ်စက်ရုံဝင်းအတွင်းသို့ လိုက်ပါဆောင်ရွက်ရန်မှာ နေထိုင်ရာအရပ်နှင့် ခရီးဝေးခြင်း၊ ဖယ်ရီစီစဉ်ပေးမှုမရှိခြင်း၊ ခရီးစရိတ်မတတ်နိုင်ခြင်း၊ လစာတိုးမြှင့်ပေးမှုမရှိခြင်း စသည့်အကြောင်းများကြောင့် လုပ်ငန်းခွင်သစ်သို့ လိုက်ပါခြင်းမပြုတော့ဘဲ နစ်နာကြေးပေးရန် တောင်းဆိုခဲ့ပါသည်။ မြို့နယ်ရုံး၊ တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ အဆင့်ဆင့်သို့ တင်ပြတောင်းဆိုခဲ့ရာ အလုပ်ရှင်မှ ဆုံးဖြတ်ချက်များကို လိုက်နာလက်ခံခြင်းမရှိ၍ ယခုကဲ့သို့ အခြေအနေကို ရောက်ရှိခဲ့ပါသည်။ မိမိသည် စက်ရုံ၏ အလုပ်ရှင်မှ အကူအညီတောင်းခံချက်အရ ပြောင်းရွှေ့ခဲ့သည့် စက်ရုံတွင် ၁-၃-၂၀၁၈ ရက်နေ့တွင် ယာယီလုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး လုပ်ခလစာရရှိမည်ဖြစ်ပါသည်။ အခြားသော အလုပ်သမားများမှာ မိမိကဲ့သို့မလုပ်နိုင်သဖြင့် ကြုံရာကျပန်းလုပ်ငန်းစုံများသို့ စားဝတ်နေရေးအတွက် ပြောင်းရွှေ့လုပ်ကိုင်နေရသဖြင့် မိမိတို့နှင့်ထိုက်သင့်သည့် ခံစားခွင့်များကို ရရှိလိုကြောင်း တင်ပြခဲ့ပါသည်။ အလုပ်သမား ဦးအောင်မင်းဦးမှလည်း လုပ်သက် (၉)နှစ်ရှိပြီဖြစ်၍ မိမိအနေဖြင့် ယခင်လုပ်ကိုင်ခဲ့ဖူးသော New Way ဖိနပ်စက်ရုံဝင်းအတွင်းသို့ ပြန်လည်လုပ်ကိုင်လိုစိတ်မရှိတော့ပါသဖြင့် ထိုက်သင့်သည့် ခံစားခွင့်ကို ရရှိလိုပါကြောင်း ထွက်ဆိုခဲ့ပါသည်။

သုံးသပ်ချက်

၁။ အငြင်းပွားမှုဖြစ်စဉ်များကို စစ်ဆေးဆောင်ရွက်ခဲ့သော မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် တိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့ အသီးသီးတို့၏ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့အပေါ် စေ့စပ်သေချာစွာ စစ်ဆေးခဲ့သည့်အချက်အလက်များ၊ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့၏ သဘောဆန္ဒများအရ မတရားဆောင်ရွက်ခြင်း၊ မသမာသောတောင်းဆိုခြင်းများ မဟုတ်ဘဲ ၎င်းတို့၏ အလုပ်ရပ်နားခဲ့သည့် ကာလအတွင်း ရုန်းကန်ခဲ့ရသည့် ဘဝပေးအခြေအနေများကြောင့် New Comfort Industry Co.,Ltd. စက်ရုံလုပ်ငန်းခွင်အသစ်သို့ ပြန်လည်ဝင်ရောက်နိုင်ရန် အခြေအနေမပေးတော့ဘဲ မူလနေရပ်မှ ခရီးကွာဝေးခြင်း၊ ခရီးစရိတ်လုံလောက်မှုမရှိခြင်း၊ သီးခြား ဖယ်ရီစီစဉ်ပေးမှုမရှိခြင်း၊ လစာတိုးမြှင့်ပေးမှုမရှိခြင်း စသည့်အကြောင်းအချက်များကြောင့် မူလ လုပ်ငန်းခွင်သို့ မည်သို့မျှလိုက်ပါလုပ်ကိုင်နိုင်ခြင်းမရှိ၍ လုပ်ငန်းရှင်မှ လျော်ကြေးတစ်ရပ်မဟုတ်ဘဲ လူမှုရေးအထောက်အကူပြု ကရုဏာကြေးတစ်ရပ်ကို ပေးသင့်ကြောင်း သုံးသပ်မိပါသည်။ နှစ်ဦး နှစ်ဖက် နစ်နာမှုမရှိစေရေးအတွက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ညှိနှိုင်းခဲ့ကြသည့် အခြေခံ အချက်များအပေါ် အလေးအနက်ပြု၍ လူမှုရေးထောက်ပံ့ငွေတစ်ရပ်ကို ပေးအပ်သင့်ကြောင်း မိမိတို့ ခုံအဖွဲ့မှ သဘောထားမှတ်ချက်တူညီသည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ရန် အကြောင်းပေါ်ပေါက်ခဲ့သည်ဖြစ်၍ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ ( င) အရ အောက်ပါအတိုင်း ပြင်ဆင်ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၈-၃-၂၀၁၈ ရက်စွဲပါ အငြင်းပွားမှုအမှတ် (၁၇/၂၀၁၈)အပေါ် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်ပြီး၊ အလုပ်သမားများ၏ နောက်ဆုံးထုတ်လစာ (OT မပါ )၏ ၈၀% ကို လူမှုကရုဏာကြေးအဖြစ် ခံစားခွင့်ပေးရန် ဆုံးဖြတ် လိုက်သည်။

၉။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်းပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးလှထွန်းခိုင် | ဦးသောင်းစိန် | ဦးတင်ထွန်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |